# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပုသိမ်ထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများကို တရားလက်လွတ် အကြမ်းဖက်ခံရသည့်ဖြစ်စဉ်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

| KEY FACTS | |
|---|---|
| **THE PERPETRATOR** | |
| | • ညွှန်ကြားရေးမှူး ဦးဇော်စစ်အောင်နှင့် ပုသိမ်ထောင်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့အင်အား(၃၀)ခန့် ထောင်ဝန်ထမ်းမဟုတ်သည့် ရဲနှင့် စစ်ဥပဒေ ချိုးဖောက်မှုများကြောင့် အကျဉ်းချခံထားရသူ အယောက် (၂၀) ခန့် |
| **LOCATION OF THE INCIDENT** | |
| Google Map: | |




| **VICTIMS (**Deaths 1 in total) |
|---|
| **ဇနဝါရီလ (၆)ရက်**<br><br>ကိုဝေယံဖြိုး(ခ)ရာစု အသက်(၃၃)နှစ် (သေဆုံး)<br>ကိုဝင်းမင်းထက်(ခ)မဲကြီး အသက်(၃၁)နှစ် (ပျောက်ဆုံးဆဲ)<br>နိုင်ငံရေးအကျဉ်းသား (၇၀)ဦးခန့် ထိခိုက်ဒဏ်ရာများရရှိခဲ့<br>(၉)ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရ |

| SUMMARY OF THE INCIDENT | |
|---|---|
| **၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၅ရက်နေ့** | မြန်အောင်မြို့နယ်မှCDMကျောင်းဆရာကိုကောင်းခန့်ကျော်အား၃၀.၁၂.၂၀၂၂ရက်နေ့တွင် သေဒဏ်ချမှတ်ခဲ့ပြီး ၎င်းအတွက်ကြိုးစင်တည်ဆောက်မည်ဟု သတင်းကြားရသဖြင့် ကိုဝင်းမင်းထက်(ခ)မဲကြီးမှ စတင်ကာ နိုင်ငံရေးအကျဉ်းသား(၇)ဦးနှင့်အတူ ပုသိမ်အကျဉ်းထောင်အတွင်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ထိုညသြနာရီခန့်တွင် နိုင်ငံရေးအကျဉ်းသားကိုဝင်းထွန်းနိုင်ထံမှဖုန်းမိသည်ဟုဆိုကာ ဆန္ဒပြသူ(၈)ဦးလုံးအား လာရောက်ခေါ်ထုတ်သွားပြီး တစ်ညလုံးရိုက်နှက်နှိပ်စက်ခဲ့သည်။ မနက်မိုးလင်းသည့်အချိန် ဝင်းမင်းထက်(ခ)မဲကြီး မှအပ ကျန်(၇)ဦးမှာ ဒဏ်ရာ ပြင်းထန်စွာဖြင့် ပြန်ရောက် လာပြီး တိုက်ပိတ်ခံထားခဲ့ရသည်။၎င်း(၇)ဦးမှာ သွားများကျွတ်ထွက်သည်အထိ ရိုက်နှက်နှိပ်စက်ခံထားရပြီး အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေဖြစ်သည်။ |

| | |
|---|---|
| **၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၆ရက်နေ့ မနက် ၉နာရီခန့်တွင်** | ပုသိမ်အကျဉ်းထောင်တွင်းရှိ နိုင်ငံရေး အကျဉ်းသားများမှ ပျောက်ဆုံးနေသည့် မဲကြီး(ခ) ဝင်းမင်းထက်အား ပြန်ပေးရန်နှင့် တိုက်ပိတ်ထားသော နိုင်ငံရေးအကျဉ်းသား(၇)ဦးကို ပြန်ထုတ်ပေးရန် အေးဆေးစွာတောင်းဆိုနေစဉ် ပင်မအကျဉ်းထောင်ဖက်မှ အမိုက်သွားသွန်သည့် နိုင်ငံရေးအကျဉ်းသားတစ်ဦးအား ထောင်ဝန်ထမ်းတစ်ဦးက ကျောကုန်းကို နံပါတ်တုတ်ဖြင့်နှစ်ချက်ရိုက်ရာမှစတင်ကာ နှစ်ဖက်အော်ဟစ်ဆဲဆိုကြပြီး ထောင်ဝန်ထမ်းများမှ အကြမ်းဖက် နှိမ်နင်းခဲ့သည်။ အခန်းများကိုလည်း တန်းပိတ်ထားခဲ့သည်။ ထို့နောက် ထောင်ဥပဒေအရဖွဲ့စည်းထားသည်ဟုဆိုသည့် စစ်ဥပဒေ၊ ရဲဥပဒေများ ဖောက်ဖျက်၍ အကျဉ်းချခံထားရသည့် စစ်ပြေးရဲပြေးအယောက်၂၀ခန့်အဖွဲ့သည် ခေါင်းတွင် အဝတ်နက်များစွပ်ကာ တုတ်များကိုင်ဆောင်၍ဝင်လာကြပြီး နိုင်ငံရေးအကျဉ်းသားများ၏ အခန်းများရှေ့စင်္ကြံတွင် လှည့်လည်လျှောက်နေကြသဖြင့် ထောင်ဒဏ်၂၈နှစ်ချမှတ်ခံထားရသည့် ကိုဝေယံဖြိုး(ခ)ရာစုအပါအဝင် နိုင်ငံရေးအကျဉ်းသားများက လက်ရှိဖြစ်နေသည့် အခြေအနေများအပေါ်မကျေနပ်၍ အခန်းများတွင်းမှ အော်ဟစ်ဆဲဆိုနေခဲ့ကြသည်။ |
| ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၆ရက်နေ့ နံနက် ၁၀ နာရီအချိန် | မိနစ်ပိုင်းခန့်အကြာ ရဲအင်အား (၃၀)ခန့် အကျဉ်းထောင်တွင်းသို့ ရောက်ရှိလာကာ ရာဘာကျည်(ကိုးလုံးကျည်)ဖြင့် ပစ်ခတ်ခဲ့သဖြင့်နှူတ်ခမ်းကွဲသူနှင့် အခြားထိခိုက်ဒဏ်ရာရသူများ ရှိခဲ့ကြသည်။ ထို့နောက် တန်းပိတ်ထားသော အခန်းများမှ နိုင်ငံရေးအကျဉ်းသား ၇၀ခန့် ကို တစ်ယောက်ချင်းစီ ဆွဲထုတ်ကာ စင်္ကြံမှာပင် ရိုက်နှက်ကြသဖြင့် အပြန်အလှန် ရုန်းရင်းဆန်ခတ်များဖြစ်ကြပြီး လက်ကျိုးသူ၊ခြေကျိုးသူ၊ ခေါင်းကွဲသူ၊ ခါးရိုးကျိုးသူများနှင့်အခြားဒဏ်ရာများစွာ ရရှိခဲ့ကြသည်။ ထို့နောက် ဆွဲထုတ်ခံရသူ အားလုံးကို ထောင်ရှေ့သို့ခေါ်ထုတ်သွားကာ ဆက်လက် ရိုက်နှက်ခဲ့ကြသည် ဟုလည်းသိရသည်။ |
| | နေ့လည် ၁၂ နာရီခန့်တွင် သေနတ်သံ (၆)ချက်ကြားခဲ့ရသည်။ ညနေ၅နာရီကျော်ခန့်တွင် ပုသိမ်ထောင်တွင်းမှ လူနာတင်ကားများဖြင့် ပုသိမ်ဆေးရုံသို့လူနာများလာပို့ခဲ့ပြီး(၉)ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း သိရသည်။ ည(၇)နာရီခန့်တွင် ကိုဝေယံဖြိုး (ခ)ရာစုမှာ ဦးခေါင်းကို သေနတ်၃ချက်ထိသောဒဏ်ရာဖြင့် သေဆုံးကြောင်း သိရသည်။ ထိုည(၁)နာရီခန့်တွင်လည်း နိုင်ငံရေးအကျဉ်းသားများကို ထပ်မံခေါ်ထုတ်ရိုက်နှက်ခဲ့သည်။<br>ထို့ပြင် ဇန်နဝါရီလ ၆ရက်နေ့သည် ထောင်ဝင်စာတွေ့သည့်နေ့ ဖြစ်၍ ထောင်ဝင်စာလာတွေ့သူများရှိရာ ထောင်ဝင်စာအပို့မခံပဲ ပြန်လွှတ်ခဲ့သည်။ ထိုသို့ပြန်လွှတ်နေစဉ်မှာပင် မနက် ၁၀နာရီ ၂၀မိနစ်ခန့်တွင် ထောင်ဝင်စာလာတွေ့သော ပုသိမ်မှ လူငယ်တစ်ဦးနှင့် ကျောင်းကုန်းမှ လူငယ်တစ်ဦးတို့ကို ပုသိမ်ထောင်အတွင်း ဖြစ်နေသော ဖြစ်စဉ်အား သတင်းဌာနများကို ပေးပို့သည်ဟုစွပ်စွဲကာ မတရားဖမ်းဆီးသွားခဲ့ပြီး အခြေအနေကို မသိရသေးပါ။ |

| | |
|---|---|
| **၂၀၂၃ခုနှစ်၊ ဇနဝါရီလ(၇)ရက်နေ့** | နံနက်ပိုင်းတွင် ကိုဝေယံဖြိုး(ခ)ရာစု၏ ရုပ်အလောင်းကို မိသားစုဝင်များက တာဝန်ရှိသူများထံ ပြန်တောင်းသော်လည်း နေ့လည်ပိုင်းတွင် ရုပ်အလောင်းကို ခဏကြည့်ခွင့်ပေးပြီး အရိုးပြာအိုးသာ ပြန်ပေးခဲ့သည်။ ထိုအချိန်ထိ ဝင်းမင်းထက်(ခ)မဲကြီးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ခေါ်သွားခံရသည့် နိုင်ငံရေးအကျဉ်းသားအချို့ကို ပတ်တီးများဖြင့်တွေ့ရပြီး နိုင်ငံရေးအကျဉ်းသားအားလုံး၏ အိပ်ဆောင်နေရာများပြောင်းထား၍ခေါ်ထုတ်သွားသည့် လူအကုန် ပြန်ရောက်မရောက် မသိရပေ။ အရိုက်ခံရသူ(၇၀)ခန့်တွင် အကြမ်းဖက် ပုဒ်မများဖြင့် တရားစွဲဆိုခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ အများအပြား ပါဝင် သည် ။<br><br>နယ်လုံဝန်ကြီးကိုယ်တိုင် ပုသိမ်ထောင်သို့ လာရောက်သွားသည့်အပြင် အကျဉ်းသားများကို ဖမ်းဆီးရိုက်နှက်သည့်ဖြစ်စဉ်တွင် ညွှန်ကြားရေးမှူး ဦးဇော်စစ်အောင်လည်း ပါဝင်သည် ။ |

## ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့နယ်၊ပုသိမ်ထောင်တွင်းအကြမ်းဖက်ခံရမှုဖြစ်စဉ်တွင် သေဆုံးသူနှင့် ပျောက်ဆုံးသူစာရင်း

| စဉ် | အမည် | အသက် | လိင် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုဝေယံဖြိုး(ခ)ရာစု | ၃၃ | ကျား | သေဆုံး |
| ၂။ | ဝင်းမင်းထက်(ခ) မဲကြီး | ၃၁ | ကျား | ပျောက်ဆုံးနေဆဲ |

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ